ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ခုနှစ်

ငှက်ပျောတောကျေးရွာ၊ ကွေ့မအုပ်စု

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
 (PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
 အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)


၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)


၁၂..အစည်းအဝေးမှတ်တမ်းများ

၁၃ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
N
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧ ရာ ဝ တီ မြစ်
ရ ခိုင် ပြည် နယ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ကွေ့မကျေးရွာအုပ်စုပြမြေပုံ




ကွေ့မ ကျေးရွာအုပ်စု ပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကွေ့မကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. အုန်းကုန်း ကျေးရွာ

၂. ချောင်းဝ ကျေးရွာ

၃. ငါးပိစု ကျေးရွာ

**၄. ငှက်ပျောတော ကျေးရွာ**

၅. ကမ်းပြို ကျေးရွာ

၆. ကျောင်းစု ကျေးရွာ

၇.အုတ်တွင်း ကျေးရွာ

၈. ကွေ့မ ကျေးရွာ

၉. အုတ်ဖို ကျေးရွာ

၁၀. ညောင်ပင်တဲ ကျေးရွာ

ကွေ့မ ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၀)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ငှက်ပျောတောကျေးရွာ အခြေခံအချက်အလက်များ

ငှက်ပျောတောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ကြံခင်းမြို့နယ်၊ ကွေ့မအုပ်စု (၁၀)ရွာတွင် ပါဝင်ပါသည်။ ကြံခင်းမြို့၏ တောင်ဘက်(၃)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ အုပ်စုကျေးရွာနှင့် ၃ ဖာလုံခန့်ကွာဝေးပါသည်။

ငှက်ပျောတောကျေးရွာတွင် အိမ်ခြေစုစုပေါင်း(၃၆)အိမ်နှင့် အိမ်ထောင်စု (၃၆)စု ရှိပြီးအမျိုးသား (၆၄)ဦး၊ အမျိုးသမီး(၈၅)ဦး စုစုပေါင်း (၁၄၉)ဦး စုပေါင်းနေထိုင်ကြသော ရွာငယ်လေးတစ်ရွာ ဖြစ်ပါသည်။ အမျိုးသား အိမ်ထောင်ဦးစီး (၂၂)ဦး၊အမျိုးသမီး အိမ်ထောင်ဦးစီး(၁၄)ဦး ရှိပါသည်။

ငှက်ပျောတော ကျေးရွာလူထုမှာ လယ်ယာလုပ်ငန်းနှင့် ဝါးတောစိုက်ပျိုးရေး၊ ဝါးဖက်ရောင်းဝယ်ရေး၊ ကိုင်းကျွန်းစိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းကြပါသည်။ ရွာရှိမူလတန်းကျောင်းတွင် ပညာသင်ယူကြပြီး အလယ်တန်းပညာကို ချောင်းခွအလယ်တန်းကျောင်းတွင် ဆက်လက်သင်ယူကြရပါသည်။ ညောင်ပင်တဲကျေးရွာ ရှိသည်။ ဗမာလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ကျေးရွာသည် အနိမ့်ပိုင်း တွင် တည်ရှိပါသဖြင့် မိုးရာသီတွင် ရေကြီးရေလျှံခြင်းများ နှစ်စဉ်ဖြစ်ပေါ်ပြီး စိုက်ပျိုးရေး လုပ်ငန်းများပျက်စီးခြင်း ကြောင့် စီးပွါးရေး ကြပ်တည်းပါသည်။


၂၀၁၆ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း ဝင်ရောက်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြပါသည်။ ပထမနှစ်စက်ဝန်းတွင် စက်ရေတွင်းနှင့် (၁၅၀၀)ဆံ့ရေကန်ကို လုပ်ကိုင်ခဲ့ကြပါသည်။ ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာချင်းဆက်လမ်းများကို ပြုပြင်ခဲ့ကြပါသည်။ တတိယနှစ်စက်ဝန်းတွင် အုပ်စုသဘောတူညီချက် ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၀.၉.၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၁၆ | ၁၅ | ၃၁ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၀.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၆ | ၁၅ | ၃၁ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၀.၉.၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၆ | ၁၅ | ၃၁ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၀.၉.၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၆ | ၁၅ | ၃၁ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၀.၉.၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၁၆ | ၁၅ | ၃၁ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၀.၉.၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၆ | ၁၅ | ၃၁ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၀.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၅ | ၁၉ | ၃၄ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၀.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၅ | ၁၉ | ၃၄ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၀.၉.၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၁၅ | ၁၉ | ၃၄ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က)</u>လူမှုအရင်းအမြစ်ပြမြေပုံ နှင့် <u>သုံးသပ်ချက်</u>



လူမှုအရင်းအမြစ်ပြမြေပုံ

## ၆.(က) လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံဆွေးနွေးသုံးသပ်ချက်

- ❖ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ဝါးခြံစိုက်ပျိုးသူများလည်း အနည်းငယ်ရှိသည်။နွား၊ဝက်၊ကြက် တို့ကိုလည်း တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး သဘာဝ ဝါးတော၊လယ်၊ ကိုင်း တို့ကို မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြပါသည်။
- ❖ စိုက်ပျိုးရေးမြေယာပိုင်ဆိုင်သူ နည်းပါးပြီး လက်လုပ်လက်စားများ၊နေ့စားလုပ်သားများ ဖြစ်ကြသည်။
- ❖ ကျေးရွာသူ၊သားများမှာ ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- ❖ ပညာရေးပိုင်းမှာ ရွာအုပ်စုတွင်းရှိ မူလတန်းကျောင်းများနှင့် ချောင်းခွကျောင်းတို့တွင် အခြေခံပညာကို သင်ကြားပြီး အထက်တန်းပညာကို ကြံခင်းနှင့် မျောက်ချောကုန်းကျောင်းတို့တွင် ဆက်လက်သင်ကြားကြပါသည်။
- ❖ ကျန်းမာရေးကို အုပ်စုတွင်းရှိ ကျန်းမာရေးဌာနနှင့် ကြံခင်းမြို့ရှိဆေးရုံ၊ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြပါသည်။သောက်သုံးရေမှာ အလွန်ရှားပါးပါသည်။မိုးတွင်းရေ မကြီးလျှင် သောက်သုံးရေရရှိပြီး ရေကြီးချိန်များတွင် သောက်သုံးရေသန့်မှာ ရှားပါးပါသည်။
- ❖ မြေသားလမ်းပေါ်တွင် ချောင်းကျောက်များခင်းထားပါသည်။မိုးတွင်းအခါ ချောင်းရေလျှံခြင်းများကို နှစ်စဉ်ကြုံတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>





<u>ရာသီခွင်ပြ ပြက္ခဒိန်</u>

## (ခ)ရာသီခွင်ပြဇယားဆန်းစစ်ချက်

- လယ်ယာလုပ်ငန်းနှင့် ဝါးခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရ အိမ်မွေးတိရစ္ဆာန်နှင့် တောင်ယာ ပဲခင်း၊ဝါးတော၊လယ်တောများကို အမှီပြု၍ရှာဖွေစားသောက်ကြပါသည်။
- လယ်တောနှင့် ဝါးခြံကို အမှီပြုပြီးလက်လုပ်လက်စားများလည်းရှိကြပါသည်။ လက်လုပ်လက်စားများသည် နေ့စဉ်ဝင်ငွေ ၂၀၀၀ မှ ၅၀၀၀ အထိ ရရှိကြပြီး လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် ဝင်ငွေပိုမိုရ ရှိသော်လည်း ကုန်စျေးနှုန်းမြင့်မားမှုကြောင့် ဝင်ငွေနှင့် ထွက်ငွေ မမျှတသေးပါ။
- ရာသီပွဲတော်များလည်းကျင်းပကြပါသည်။သောက်သုံးရေမှာရှားပါးပါသည်။ရေကြီးချိန်တွင် ပိုမိုရှားပါးပါ သည်။
- လမ်းပန်းဆက်သွယ်ရေးမှာ ရေကြီးချိန်များတွင် မကောင်းပါ။ရွာချင်းဆက်လမ်းများမှာ မိုးရာသီတွင် မကောင်းပါ။ရွာချင်းဆက်လမ်းများမှာ မိုးရာသီတွင်သွားလာရ ခက်ခဲပါသည်။
- တပေါင်း၊တခူး၊ကဆုန်၊နယုန်လများတွင် လုပ်ငန်းများအားလပ်ပြီး ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါ သည်။
- သဘာဝဘေးဒဏ်များကို  မိုးကာလတွင် နှစ်စဉ်ကြုံတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



9-12-16
ကွေ့မအုပ်စု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်

ပါဝင်ဆွေးနွေးသူ - ကျား - ၇ ဦး/မ - ၈ ဦး
ငှက်ပျောတောကျေးရွာ

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည် | ပျဉ်ခင်းပျဉ်ထောင်အိမ်ပိုင်၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ TV၊ စီးစက်၊ စက်ရေတွင်း၊ ဝါးဥယျာဉ်(၅)ဧက၊ ဝမ်းစာဖူလုံမှု (၂) နှစ် | ၁၃ | 36 |
| အသင့်အတင့် | ဝါးခင်းထရံကာအိမ်ပိုင်၊ ဆိုင်ကယ်၊ စက်ဘီး၊ TV၊ ဝါးဥယျာဉ်အနည်းငယ်၊ ဝမ်းစာဖူလုံမှု (၆) လ ဝါးခမောက်ချုပ်လုပ်ငန်း | ၁၁ | 30 |
| မပြေလည် | ဝါးအိမ် (ဝါးခင်းထရံကာ) အိမ်ပိုင်၊ စက်ဘီး၊ ကြက် (၁) အုပ်၊ လက်လုပ်လက်စား | ၆ | 17 |
| နွမ်းပါး | ဝါးအိမ်၊ စက်ဘီး၊ တစ်နေ့လုပ်တစ်နေ့စား။ | ၆ | 17 |
| | စုစုပေါင်း | ၃၆ | 100% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

## (ဂ)ဥစ္စာဓနကြွယ်ဝမှုဇယားဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

- ကျေးရွာတွင် ဥစ္စာဓနအဆင့်များကို ကျေးရွာ၏ သဘောတူညီချက်ဖြင့် အဆင့်(၄)ဆင့်သတ်မှတ်ခဲ့ပါသည်။
- အဆင့်(က) ချမ်းသာအဆင့်တွင် အိမ်ထောင်စု (၁၃)စု ရှိပြီး ကျေးရွာ၏သာရေးနာရေး တို့ကို ဦးဆောင်နေပါသည်။
- အဆင့်(ခ)အသင့်အတင့်အဆင့်တွင် အိမ်ထောင်စု(၁၁)စု ရှိပါသည်။ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို တတ်နိုင်သ၍ ကူညီပေးသူများ ဖြစ်ကြပါသည်။
- အဆင့်(ဂ) မပြေလည်သော အဆင့်တွင် အိမ်ထောင်စု (၆)စုရှိပြီး ကျေးရွာတွင်းတစ်နိုင်တစ်ပိုင် စီးပွါးရေးလုပ်ကိုင်သူများ ရှိသလို နေ့စားလုပ်ကိုင်သူများလည်းရှိကြပါသည်။
- အဆင့်(ဃ)နွမ်းပါးသောအဆင့်တွင်  အိမ်ထောင်စု (၆)စုရပါသည်။ ပုံမှန်ဝင်ငွေမရှိ၍ ကျပန်းလုပ်ငန်းကိုသာ လုပ်ကိုင်ရခြင်း၊အလုပ် အကိုင်နည်းပါးခြင်း၊အသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့် နွမ်းပါးကြပါသည်။
- ကျေးရွာ၏အဓိက လိုအပ်ချက်လုပ်ငန်းများကို ရွေးချယ်ရာတွင် ကျေးရွာ၏နွမ်းပါးအဆင့်ကို ဦးစားပေးစဉ်းစား ရေးဆွဲ ခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


## (ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

- ကျေးရွာ၏အုပ်ချုပ်ရေးအဖွဲ့၊ရပ်မိရပ်ဖ တို့မှ ဦးဆောင်ပြီးကျေးရွာ၏ ဘာသာရေး၊လူမှုရေး၊ ဖွံ့ဖြိုးရေးများကို အစစဦး ဆောင် တာဝန်ယူလျက်ရှိပါသည်။
- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊မီးသတ်တပ်ဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ရှိကြပြီး သာရေး၊နာရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ကြပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြပါသည်၊
- ကျေးရွာစီထောက်အဖွဲ့သည် မိမိတို့ကျေးရွာ၏ အဓိကလိုအပ်သော လုပ်ငန်းများဖော်ထုတ်ကာ အုပ်စုအဆင့် သတ်မှတ်၍ မြို့နယ်သတ်မှတ်ချက်နှင့်အညီ ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ သည်လည်းအမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ကြပါသည်။
- အခြားအဖွဲ့အစည်းများသည်လည်း သက်ဆိုင်ရာမြို့နယ် အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ လုပ်ကိုင်ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်</u>






အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

### (င)အရင်းအမြစ်အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အပ်ချုပ်စက်လုပ်ငန်းကို အမျိုးသမီးများက အသုံးပြုကြပြီး နွားလုပ်ငန်းကို အမျိုးသားများက အသုံးပြုကြပါသည်။
- လယ်၊ဂါးခြံ၊ဝါးခမောက်ချုပ်လုပ်ငန်း၊ဝါးဖက်ရောင်းလုပ်ငန်း၊ ဆိုင်ကယ်၊စက်ဘီး၊ဇကောဇကာလုပ်ငန်း ဆိုလာ၊ တုံကင်၊ ရေတွင်းလုပ်ငန်းတို့ကို အမျိုးသား ၊ အမျိုးသမီးတို့က တန်းတူအသုံးပြုကြပါသည်။
- နွား၊တုံကင်၊ရေတွင်း၊ဆိုလာ၊လယ်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားကြပါသည်။
- အပ်ချုပ်စက်၊ဇကောဇကာလုပ်ငန်းတို့ကို အမျိုးသမီးများက ထိန်းချုပ်ထားကြပါသည်။
- စက်ဘီး၊ဆိုင်ကယ်၊ဂါးခြံလုပ်ငန်းတို့ကို အမျိုးသားနှင့် အမျိုးသမီးတန်းတူ ထိန်းချုပ်ကြပါသည်။
- ကျေးရွာ၏ အဓိက လုပ်ငန်းများကို အမျိုးသားများက ထိန်းချုပ်ထားကြပါသည်။အမျိုးသမီးများမှာ ထိန်းချုပ်မှုတွင်အားနည်းနေပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

## (စ)ပင့်ကူအိမ်သုံးသပ်ချက်

- ကျေးရွာ၏ အမျိုးသားများမှာ အနည်းငယ်လွှမ်းမိုးမှု ရှိနေပြီး အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာ  အချိန်ကုန်နေရပြီး အခြားပါဝင်ခွင့်များတွင် အားနဲနေသေးကြောင်းတွေ့ရသည်။
- ပညာရေးပိုင်းနှင့် ပိုင်ဆိုင်မှုပိုင်းတွင် အမျိုးသားအမျိုးသမီး တန်းတူညီမျှရှိပါသည်။
- ကျေးရွာအမျိုးသားများမှာ အုပ်ချုပ်မှုပိုင်းနှင့် အလုပ်အကိုင်ရှာဖွေခြင်းအပိုင်းတို့တွင် ပိုမိုအခွင့်အလမ်းရှိနေပါသည်။
- အမျိုးသမီးများမှာ အိမ်တွင်းမှုပိုင်းတို့တွင် ပိုမိုအားကောင်းနေပါသည်။
- ကျေးရွာတွင်အမျိုးသမီးများအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အမျိုးသမီးများအား ဦးဆောင်မှုပိုင်းတို့တွင်ပါဝင်စေခြင်း အမျိုးသမီးများပူးပေါင်းပါဝင် မှုပိုင်းတို့တွင် အရေးကြီးသည့်အကြောင်းရှင်းပြခြင်း အမျိုးသားများမှလည်း အမျိုးသမီးများအား စီမံကိန်းတွင်သာ ပူးပေါင်းပါဝင်ဖို့မဟုတ်ဘဲ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများပါ ပူးပေါင်းပါဝင်လာစေရန်လက်တွဲခေါ်ယူရန် လိုအပ်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်





အခက်အခဲပြဿနာများ

(ဆ)အခက်အခဲပြသနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော အထောက်အကူပစ္စည်းများမရှိခြင်း၊ ကျေးရွာ သောက်သုံးရေ ရရှိရန် ခက်ခဲခြင်း၊ လျှပ်စစ်မီးလင်းရန် ခက်ခဲခြင်း၊ ကျန်းမာရေးကောင်းမွန်ရန် အထောက်အကူပြုပစ္စည်းများ ရရှိရန်ခက်ခဲခြင်း ၊ကျေးရွာတွင်ပညာရေး တိုးတက်စေရန်အကူ အညီများလိုအပ်ခြင်း စသည့်အခက်အခဲများကိုအမျိုးသားများကဖေါ်ထုတ်ဆွေးနွေးကြပါသည်။
- လျှပ်စစ်မီးမရှိသည့်အတွက် ကလေးများ ပညာရေးခက်ခဲခြင်း၊သဘာဂဘေးအန္တရာယ်ကြောင့် လုပ်ငန်းခွင်ပျက်စီးပါသဖြင့် စီးပွားရေး၊လူမှုရေး၊ပညာရေးအခက်အခဲရှိခြင်း၊ သောက်သုံးရေသန့် ဖူလုံမှုမရှိသည့်အတွက် ကျန်းမာရေးခက်ခဲခြင်း၊အလုပ်အကိုင်ရှားပါးသည့်အတွက် ငွေကြေး အခက် အခဲရှိခြင်း၊ရေရှားပါးသည့်အတွက် သောက်သုံးရေသန့်အခက်အခဲရှိခြင်း စသည့်အခက်အခဲများကို အမျိုးသမီးများကလည်း ဖေါ်ထုတ်ဆွေးနွေးကြပါသည်။
- ကျန်းမာရေး၊ပညာရေး၊စီးပွားရေး ဘက်ပေါင်းစုံမှသုံးသပ်ထားကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၈) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>





မျှော်မှန်းချက်

## (ဇ)ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်များ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်ရှိရေး၊ကျေးရွာကျန်းမာရေးအတွက်အကူအညီရရှိရေး၊လျှပ်စစ်မီးလင်းရေး၊ကျေးရွာစီးပွားရေးတိုး
- တက်စေရန် အထောက်အကူပြု ပစ္စည်းများရရှိရေး၊ကျေးရွာတွင်သန့်ရှင်းသောသောက်သုံးရေရရှိရေး စသည်တို့ကို မျှော်မှန်း ထားကြပါသည်။
- အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ဘက်စုံဖွံ့ဖြိုးတိုးတက်သောကျေးရွာဖြစ်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေး၊ ကျေးရွာရေမီးအစုံဖြစ်ရေး၊ကျေးရွာပညာရေးတိုးတက်စေရေး ၊ ကျေးရွာစီးပွားရေးတိုးတက်စေရေး စသည်တို့ကိုမျှော်မှန်းထားကြပါသည်။
- အမျိုးသားနှင့်အမျိုးသမီးတို့သည်အများအားဖြင့် မျှော်မှန်းချက်ခြင်းတူညီနေကြပါသည်။အဓိကအားဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းထားကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်


အုပ်စု - ကွေ့မ
ကျေးရွာ - ငှက်ပျောတော

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

၁၀-၁၂-၁၆

| စီမံကိန်းလုပ်ငန်းစဥ်များ | အဆိုပြုသူ | အမျိုးသားမဲအရေအတွက် | အမျိုးသမီးမဲအရေအတွက် | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| (၁) ငှက်ပျောတောမှကမ်းပြိုကျေးရွာချင်းဆက်ချောင်းကျော်လမ်း | ကျား + မ | ၆၀ | ၇၆ | ၁၃၆ | (၁) |
| (၂) အပေါ်စားမီးသတ်စက်နှင့်ဘက်စုံသုံးရေကန် (ဂါလံ ၃၀၀၀) | ကျား + မ | ၄၃ | ၄၈ | ၉၁ | (၂) |
| (၃) စာသင်ကျောင်းပြုပြင်ရန် | ကျား + မ | ၃၀ | ၂၈ | ၅၈ | (၃) |
| (၄) လျှပ်စစ်မီး | ကျား + မ | ၉ | ၂၆ | ၃၅ | (၄) |
| (၅) စာကြည့်တိုက် | ကျား + မ | ၉ | ၁၃ | ၂၁ | (၅) |

ဦးစားပေးလုပ်ငန်းများ

**(ဈ)ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)**

ကွေ့မအုပ်စု၊ ငှက်ပျောတောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ်ရာတွင် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ထိုသို့ မဲပေး ရွေးချယ်ရာတွင် မဲအများဆုံး ဖြစ်သော ငှက်ပျောတော- ကမ်းပြိုလမ်း ချောင်းကျောက် ခင်းခြင်း မဲအရေအတွက်(၁၃၆)မဲဖြင့် ဦးစားပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံးဖြစ်သော အပေါ့စား မီးသတ်စက်နှင့် ဘက်စုံသုံးရေကန်ကို မဲအရေ အတွက် (၉၁)မဲဖြင့် ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယ မဲအများဆုံးမှာ စာသင်ကျောင်း ပြုပြင်ခြင်းလုပ်ငန်းကို မဲအရေအတွက်(၅၈)မဲဖြင့် ဦးစားပေး(၃) အဖြစ်လည်းကောင်း ရွေးချယ်ခဲ့ကြပါသည်။ထို့အပြင် လျှပ်စစ်မီး လင်းရေးလုပ်ငန်းအား ဦးစားပေး(၄)အဖြစ် လည်းကောင်း ၊စာကြည့်တိုက် လုပ်ငန်းအား ဦးစားပေး (၅) အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ဦးစားပေး (၅)အဖြစ် လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ မဲပေးရွေးချယ်ခဲ့သော ဦးစားပေးလုပ်ငန်းများမှာ တစ်ရွာလုံး အတိုင်းအတာ အထိ အကျိုးပြုမှုရှိပြီး အကျိုးပြုဦးရေ (၁၄၉) ဦးခန့်ရှိကြောင်း သုံးသပ်မိ ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်ဇယား

အုပ်စု။ ။ကွေ့မ ကျေးရွာ။ ။ ငှက်ပျောတော

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၀.၉.၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးမောင်မောင်ထူး | 09-250431265 |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်သန်းငွေ | 09-790676344 |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းလွင် | 09-253049377 |
| ၄ | | အဖွဲ့ဝင် | ဒေါ်စန္ဒာမိုး | 09-78801633 |
| ၅ | | အဖွဲ့ဝင် | ဦးသန်းထိုက်ဦး | 09-422209630 |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်လွင်လွင်မော် | 09-264008203 |
| ၇ | | အဖွဲ့ဝင် | ဦးမျိုးမင်းသန်း | 09-261052637 |
| ၈ | | အဖွဲ့ဝင် | ဒေါ်ဥမ္မာဝင်း | - |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သီတာအေး | - |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ယမင်းစိုး | 09-781974854 |
| ၁၁ | | အဖွဲ့ဝင် | ဦးဇော်မင်းထွေး | 09-452381136 |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသန်းဦး | - |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်း ရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးကျော်ဇင်ဦး | 09-963052479 |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ချိုချိုမာ | 09-49768251 |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်မင်းစိုး | - |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခိုင်ဝါဝါကျော် | 09-263506034 |

တာဝန်ကျဝန်ထမ်းများ

ဒေါ်စုစုလှိုင် -လူထုစည်းရုံးရေးမှူး

ဦးသန့်ခိုင် -လက်ထောက်နည်းပညာမှူး

## ၉. ကျေးရွာအခြေခံအချက်အလက် (ပုံစံ-၁)

လူထုဝပ်ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမောင်မောင်[illegible] | 09-250431265 | [illegible] |

| [illegible]တိုင်းဒေသကြီး | မြို့နယ် - [illegible] | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ ငှက်ပျောတော |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ---- | ၃၆ | ဘာသာ (၁) ဗုဒ္ဓ---- | ၃၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ (မ) | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | (၄ + ၆) = ၁၀ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၄ | ၈၅ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၂ | ၁၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ချောင်းကျောက်လမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၂ ခရီး/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-- ၁၀ မိနစ် -- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------ [illegible] မိနစ် ----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible] ချောင်းရေလျှံခြင်း
(၂၀၀၆ ခုနှစ်တွင် [illegible])

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်းအကျိုးတော်ဆောင်

(၂) ရေပါယကာအဖွဲ့

ကျေးရွာခေါင်းဆောင်

အမည် ဦးမောင်မောင်ထွန်း


လက်မှတ် [signature] နေ့စွဲ ၁၀.၉.၁၇

လူထုစည်းရုံးရေးမှူး

အမည် ဒေါ်ခူခူလှိုင်

လက်မှတ် [signature] နေ့စွဲ ၁၀.၉.၁၇

## ၁၇. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)


**ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နုနုလှိုင် ၊ ဦး...၁၁၆.ဦး | | | |
| နေ့စွဲ ၂၀.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဓနုမ | ကျေးရွာ ငှက်ပျောတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀.၉.၁၇ | ၂၀.၉.၁၇ | ၁၈ | ၁၅ | ၃၃ | ဗမာ ၊ ၃၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၉.၁၇ | ၂၀.၉.၁၇ | ၁၈ | ၁၅ | ၃၃ | ဗမာ ၊ ၃၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးတုန့်ပြန်မှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မျိုး ၊ ဖုန်း-၁၁၄. ၃၃၆ | |
| နေ့စွဲ ၂၀-၉-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း ၊ ကျေးရွာအုပ်စု [illegible] ၊ ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် လမ်းမကောင်းသဖြင့် သွားလာရ ခက်ခဲခြင်း | ၁ | ရွာတွင်းလမ်းများ မကောင်းခြင်း |
| ၂ | စား၊ဝတ်၊နေရေး အဆင်မပြေခြင်း | ၂ | လျှပ်စစ်မီး မရရှိနိုင်ခြင်း |
| ၃ | လျှပ်စစ်မီး မရှိခြင်းကြောင့် ကျောင်းသားများ စာကြည့်ရန် ခက်ခဲခြင်း | ၃ | ရွာတွင်းလမ်းများ ရေကြီး နစ်မြုပ်ခြင်း |
| ၄ | နှစ်စဉ် ရေကြီး နစ်မြုပ်ခြင်း | ၄ | ကျန်းမာရေး စောင့်ရှောက်မှု [illegible]ခြင်း |
| ၅ | ဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေး ခက်ခဲခြင်း | ၅ | နှစ်စဉ် ရေကြီး နစ်မြုပ်ခြင်း |
| ၆ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ငွေကြေးရှာဖွေရာတွင် ခက်ခဲခြင်း | ၆ | စား ဝတ် နေရေး အဆင်မပြေခြင်း |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တနိုင်တပိုင် မွေးမြူရေး ရှိ၍ ဝင်ငွေတိုးပွားလာမည်. | ၁ | တနိုင်တပိုင် မွေးမြူရေး ရှိ၍ ဝင်ငွေတိုးပွားလာမည်. |
| ၂ | အသိပညာဗဟုသုတ တိုးပွားလာရန် စာကြည့်တိုက် ရှိရမည်. | ၂ | အသိပညာဗဟုသုတ တိုးပွားလာရန် စာကြည့်တိုက်ရှိရမည်. |
| ၃ | အစည်းအဝေးခန်းမ ရှိ၍ အစည်းအဝေးပွဲများ ကျင်းပရာတွင် အဆင်ပြေလာမည်. | ၃ | [illegible]ပွဲများ ကျင်းပနိုင်ရန် ခန်းမရှိရမည်. |
| ၄ | အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရမည်. | ၄ | အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရမည်. |
| ၅ | လျှပ်စစ်မီး ရလာလျှင် လူမှုဘဝ မြင့်မားပြီး ပညာရေး အသိအမြင်များ တိုးပွားလာမည် | ၅ | လျှပ်စစ်မီး ရလာလျှင် လူမှုဘဝ မြင့်မားပြီး ပညာရေး အသိအမြင်များ တိုးပွားလာမည် |
| ၆ | ကွန်ကရစ်လမ်း ရှိ၍ သွားလာရေး အဆင်ပြေလာမည်. | ၆ | ကွန်ကရစ်လမ်း ရှိ၍ သွားလာရေး အဆင်ပြေလာမည်. |
| ၇ | ဆေးကုသမှု ကောင်းစွာခံယူနိုင်ရမည် | ၇ | ဆေးကုသမှု ကောင်းစွာခံယူနိုင်ရမည်. |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဆာ၁၁စစကျွန်း ထိုးချဲ့ရန် | ကျား + မ | ၂၀၀၀၀၀၀၀ | ၁၄၉ |
| ၂ | ကျေးရွာလျှပ်စစ်မီးလင်းရေး | ကျား + မ | ၂၀၀၀၀၀၀၀ | ၁၄၉ |
| ၃ | ကျေးရွာ တလမ်းဆွဲတိုက် | ကျား + မ | ၆၆၀၀၀၀၀ | ၁၄၉ |
| ၄ | [illegible] | ကျား + မ | ၆၆၀၀၀၀၀ | ၁၄၉ |
| ၅ | ဆိုလာမီးလင်းရေး | ကျား + မ | ၈၅၀၀၀၀၀ | ၁၄၉ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကျောင်းအတွက် နည်းပညာပံ့ပိုးပေး | ကျား | စိုက်ပျိုးရေး ဦးစီးဌာန |
| ၂ | ရင်နှီးမြှုပ်နှံမှုရွေးငွေ | မ | ၁၁၀ ဦးစီးဌာန |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမောင်မောင်ထူး [illegible] လက်မှတ် [signature] နေ့စွဲ ၂၀-၉-၂၀၁၇
ဒေါ်သင်းဌေး [signature] ၂၀-၉-၂၀၁၇

<u>အစည်းအဝေးမှတ်တမ်း</u>

ကြံခင်းမြို့နယ်၊ ကွေ့မအုပ်စု၊ငှက်ပျောတောကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ငှက်ပျောတောကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၈.၉.၂၀၁၇)နေ့လည်(၁၂း၀၀)နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက်အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံးဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

## ၁၃. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁ | ကျေးရွာချင်းဆက်လမ်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ကျေးရွာစာကြည့်တိုက် | ကျား+ မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | အပေါ်သားမီးသတ်စက်နှင့်ဘက်စုံသုံးရေကန် | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားဖွံ့ဖြိုးရေး | ၄ | အိမ်တွင်းမှုသင်တန်းကျောင်း | ကျား+မ | ၂၀၁၉ | ကျေးရွာလူထု | စက်မှု လက်မှုဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေး နှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | ၅ | မူလတန်းကျောင်းပြုပြင်ရန် | မ | ၂၀၁၉ | ကျေးရွာလူထု | ပညာရေးဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၆ | လျှပ်စစ်မီး | ကျား+မ | ၂၀၂၀ | မြို့နယ်လျှပ်စစ် | လျှပ်စစ်ဝန်ကြီးဌာန |
| | ၇ | အလုပ်အကိုင်အခွင့်အလမ်း | ကျား | ၂၀၁၉ | ကျေးရွာလူထု | အလုပ်သမားဝန်ကြီးဌာန |
| | | | | | | |